**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းဝေး (ဒုတိယနေ့) (၂၈. ၃. ၂၀၁၈)**
**ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏**
**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ စိစစ်သုံးသပ်တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းဝေး (ပထမနေ့) (၂၆-၃-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းပေးပို့သည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ကြပါစေကြောင်းရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်း သည့် ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

## နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့(၂၆-၃-၂၀၁၈) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပို့လာပါသဖြင့် နည်းဥပဒေ ၆၅နှင့်အညီ (၂၅-၃-၂၀၁၈) ရက်နေ့ ကော်မတီအစည်းအဝေးတွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များမှ စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြ ခြင်းဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်နဝမပုံမှန်အစည်းအဝေး (၂၆- ၃-၂၀၁၈)ရက် (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။

ဥပဒေကြမ်းတွင် အပိုင်း (၅)ပိုင်း၊ အခန်းပေါင်း (၃)ခန်း၊ ပုဒ်မပေါင်း (၁၆)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ အခြားသာမန်ရငွေတွင် ပြည်နယ်အစိုးရအဖွဲ့ ငွေကျပ် ၂၈၇၂. ၅၄၉ သန်း၊ ပြည်နယ်လွှတ်တော် ငွေကျပ် ၀.၇၀၀ သန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ရုံး ငွေကျပ် ၇၇. ၂၃၅ သန်း၊ ပြည်နယ်ဥပဒေချုပ် ငွေကျပ် ၀. ၄၈၀ သန်း၊ ပြည်နယ်စာရင်းစစ်ချုပ် ငွေကျပ် ၀. ၂၈၆ သန်း၊ စုစုပေါင်း ငွေကျပ် ၂၉၅၁. ၂၅၀သန်း ရရှိရန်လျာထားသည်ကို တွေ့ရှိရပါသည်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အကောက်မှာ ပြည်တွင်း ထွက်ကုန်နှင့် ပြည်သူပြည်သား များသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် ငွေကျပ် ၄၉၅, ၃၀၆ သန်း၊ နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် ငွေကျပ် ၃၅၃. ၆၅၇ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသည့်အခွန် ငွေကျပ် ၅၇၈. ၈၉၆ သန်း၊ စုစုပေါင်း ငွေကျပ် ၁၄၂၇. ၈၅၉ သန်း ကောက်ခံရန်လျာထားသည်ကိုတွေ့ ရှိရပါသည်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၁၅. ၇၃၉ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိဌာန (၅)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၃၆. ၄၃၂ သန်း၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၆. ၇၁၄ သန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု၏ အခြား သာမန်ရငွေမှာ ငွေကျပ် ၄၆. ၁၀၂ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ ဌာန (၂)ခု၏ အခြားသာမန်ရငွေ မှာ ငွေကျပ် ၀. ၅၀၀ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေမှာ ကျပ် ၁၀၅၃၆၉. ၃၁၈ သန်း၊ ပေါင်းငွေကျပ် ၁၀၅၃၆၉ ၃၁၈ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၁)ခု၏ အခြားသာမန် ရငွေမှာ ကျပ် ၄၁. ၈၀၉သန်း၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ စုစုပေါင်း အခြားသာမန် ရငွေ ကျပ်၁၄၇. ၂၉၆ သန်း၊ ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ ကျပ် ၁၀၅၃၆၉. ၃၁၈ သန်းရရှိရန် လျာထားသည်ကို တွေ့ ရှိရပါသည်။

ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေတွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အခြားသာမန်ရငွေမှာ ငွေကျပ် ၂၉. ၂၃၉ သန်းနှင့် စည်ပင်သာယာရေးအဖွဲ့များ အခြားသာမန် ရငွေတွင် ငွေကျပ် ၇၅၄၀. ၁၃၄ သန်းရရှိရန် လျာထားသည်ကို တွေ့ ရှိရပါသည်။

ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေကျပ် ၆၇၃၀. ၆၃၁သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁၇၄၃၀. ၂၉၆ သန်း၊ ပေါင်းကျပ် ၂၄၁၆၀. ၉၂၇သန်း၊ ပြည်နယ်လွှတ်တော် သာမန်သုံးငွေကျပ် ၅၁၁. ၈၈၃ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၅၆. ၁၁၀ သန်း၊ ပေါင်းကျပ် ၅၆၇. ၈၉၃ သန်း၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်ရုံး သာမန်သုံးငွေကျပ် ၃၃. ၄၀၀သန်း၊ ပြည်နယ် ဥပဒေချုပ်ရုံး သာမန်သုံးငွေကျပ် ၄၅၀. ၂၄၇ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၃. ၀၀၀ သန်း၊ ပေါင်းကျပ် ၄၅၃. ၂၄၇ သန်း၊ ပြည်နယ် စာရင်းစစ်ချုပ်ရုံးသာမန် သုံးငွေကျပ် ၉၆၄. ၇၆၉ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၉၆. ၃၁၈ သန်း၊ ပေါင်းကျပ် ၁၀၆၁. ၀၈၇ သန်းဖြစ်ပြီး အဖွဲ့အစည်း (၅)ခု၏ သာမန်သုံးငွေကျပ် ၈၆၉၀- ၉၃၀ သန်း၊ ငွေလုံးငွေရင်းသုံး ငွေကျပ် ၁၇၅၈၅.၆၂၄ သန်း၊ စုစုပေါင်းကျပ် ၂၆၂၇၆. ၅၅၄ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါသည်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးစွဲမှုတွင် ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေ ကျပ် ၉၉၉၇. ၇၁၅ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၅၇၆. ၅၉၈ သန်း၊ ပေါင်းကျပ် ၁၀၅၇၄. ၃၁၃ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု သုံးစွဲမှုမှာ သာမန် သုံးငွေကျပ် ၇၃၆၀. ၁၂၅သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၃၄၉. ၈၇၅ သန်း၊ ပေါင်းကျပ် ၇၇၁၀. ၀၀၀သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိဌာန (၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေ ကျပ် ၁၅၄၃- ၀၇၂ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၅၅၈. ၀၅၉သန်း၊ ပေါင်းကျပ် ၂၁၀၁. ၁၃၁ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၁၁၃၆. ၀၇၂သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၄၃၉၆. ၃၀၅သန်း၊ ပေါင်းကျပ် ၅၅၃၂. ၃၇၇ သန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၉၆၂. ၄၂၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၇၈. ၃၇၀ သန်း၊ ပေါင်းကျပ် ၁၀၄၀. ၇၉၀ သန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအောက်ရှိ ဌာန (၂)ခုသုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၁၂၈၇၂. ၇၅၃သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂၃၄၆၅. ၀၅၁သန်း၊ ပေါင်းကျပ် ၃၆၃၃၇. ၈၀၄ သန်း၊ ကုန်တင် ကုန်ချကော်မတီရုံး၏ သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၈. ၅၄၉ သန်းဖြစ်ပြီး ဝန်ကြီးဌာန (၆)ခု

နှင့် ကော်မတီ (၁)ခု၏ သာမန်သုံးငွေကျပ် ၃၃၈၈၀. ၇၀၆သန်း၊ ငွေလုံးငွေရင်း ငွေကျပ် ၂၉၄၂၄. ၂၅၈ သန်း၊ စုစုပေါင်းကျပ် ၆၃၃၀၄. ၉၆၄ သန်း သုံးစွဲရန်တင်ပြထားသည်ကို တွေ့ရှိရပါသည်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ သုံးစွဲမှုတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ သာမန် သုံးငွေကျပ် ၁၃. ၀၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁၇၉၁၆. ၂၃၉ သန်း၊ စုစုပေါင်း ၁၇၉၂၉- ၂၃၉ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ ရှိရပါသည်။

စည်ပင်သာယာရေးအဖွဲ့မှသုံးစွဲမှုတွင် သာမန်သုံးငွေကျပ် ၃၇၆၅. ၈၅၇ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၆၁၈၈. ၄၈၂ သန်း၊ စုစုပေါင်း ကျပ် ၉၉၅၄. ၃၃၉ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါသည်။

**တင်ပြချက်**

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာ အစိုးရအဖွဲ့အပါအဝင် အဖွဲ့အစည်း(၅)ခု၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ(၁၅)ခု၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း(၁)ခု၊ စည်ပင်သာယာရေးအဖွဲ့များ (၁)ခုတို့၏ ရငွေမှာ ငွေကျပ် ၁၁၇၄၆၅. ၁၉၆ သန်းရရှိရန် လျာထားပြီး အဖွဲ့အစည်း (၅)ခု၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ(၁၇)ခု၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်း(၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ (၁)ခု တို ့၏ သာမန်သုံးငွေကျပ် ၄၆၃၅၀. ၄၉၃ သန်း၊ ငွေလုံးငွေရင်းသုံး ငွေကျပ် ၇၁၁၁၄. ၆၀၃ သန်း၊ စုစုပေါင်းကျပ် ၁၁၇၄၆၅. ၁၉၆ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေး ဆိုင်ရာ ကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်း အစီရင်ခံတင်ပြ အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရှဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းသည် ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် အခြေပြု၍ရေးဆွဲထားခြင်း ဖြစ်သောကြောင့် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် န၀မပုံမှန်အစည်းအဝေး(ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော် ကိုယ်စားလှယ်များမှ သဘောတူပါ သလား ခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။